## မြန်မာသံရုံး၊ ဗန်ကောက်မြို့၌ သာမန်နိုင်ငံကူးလက်မှတ်
## သက်တမ်းတိုး/ ပျောက်ဆုံး/ ပျက်စီး လျှောက်ထားသူများအတွက်
## အထူးအသိပေးကြေညာချက် (၁)

- ၂၀၁၉ခုနှစ်၊ ဧပြီလ (၉) ရက်နေ့မှစတင်၍ နိုင်ငံကူးလက်မှတ်များ ထုတ်ပေးရန် လျှောက်ထားသူ၏ အချက်အလက်များရယူရာ၌ Biometrics Enrollment စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက် ရှိပါသည်။
- အဆိုပါစနစ်တွင် ပတ်စ်ပို့လာရောက်လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များအပြင် Iris Recognition (မျက်စိသူငယ်အိမ် ဖတ်ခြင်း)၊ finger print (လက်ဆယ်ချောင်း၏လက်ဗွေ) ရယူခြင်း၊ signature (လက်မှတ်)ရယူခြင်းနှင့် ဓါတ်ပုံရိုက်ကူးခြင်းများ ပါဝင်ပါကြောင်း အသိပေးအပ်ပါသည်။ ဝန်ဆောင်ခပေးရန် မလိုအပ်ပါ။
- သာမန်မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုး/ ပျောက်ဆုံး/ ပျက်စီး လာရောက် လျှောက်ထားသူများအနေဖြင့် **ပတ်စ်ပို့ဓါတ်ပုံများ ယူဆောင်လာရန် ***မလိုအပ်တော့ပါကြောင်း** အသိပေးအပ်ပါသည်။

မြန်မာသံရုံး၊ ဗန်ကောက်မြို့
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဧပြီလ ၉ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
026
BANGKOK

# မြန်မာသံရုံး၊ ဗန်ကောက်မြို့၌ သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံး/ ပျက်စီး လျှောက်ထားခြင်းနှင့် မည်သူမည်ဝါ ဖြစ်ကြောင်း လာရောက်လျှောက်ထား သူများအတွက် အထူးအသိပေးကြေညာချက် (၂)

- မြန်မာသံရုံး၊ ဗန်ကောက်မြို့အနေဖြင့် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း/ နိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ ပျက်စီးများ လျှောက်ထားခြင်းနှင့် နိုင်ငံကူးလက်မှတ်အသစ်များ ပြန်ထုတ်ပေးခြင်းကို သံရုံးဖွင့်ရက် နေ့စဉ် နံနက် ၀၉၀၀နာရီမှ ၁၂၀၀ နာရီ အထိလည်းကောင်း၊ မွန်းလွဲ ၁၄၀၀ နာရီမှ ၁၆၀၀ နာရီအထိ လည်းကောင်း လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်းကို တစ်ချိန်တည်း ဆောင်ရွက်ပေးခဲ့ပါသည်။

- ယခုအခါ အဆိုပါလုပ်ငန်းစဉ်များအား ပိုမိုလွယ်ကူမြန်ဆန် ချောမွေ့စေရေးအတွက် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခြင်း/ နိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ ပျက်စီးများ **"လျှောက်ထားခြင်း"**ကို သံရုံးဖွင့်ရက် နေ့စဉ် **နံနက် ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအတွင်း** လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံကူးလက်မှတ်အသစ်များ **"ပြန်ထုတ်ပေးခြင်း"**ကို **မွန်းလွဲ ၁၅၀၀ နာရီမှ ၁၇၀၀ နာရီအတွင်း** ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာသံရုံး၊ ဗန်ကောက်မြို့**
**ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဧပြီလ ၉ ရက်**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
026
BANGKOK

## ကောင်စစ်(နိုင်ငံသားဌာန)

**သာမန်မြန်မာနိုင်ငံကူးလက်မှတ် (Ordinary Passport) သက်တမ်းတိုးခြင်း**

- သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း/ နိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ ပျက်စီးများ လျှောက်ထားခြင်းကို သံရုံးဖွင့်ရက် နေ့စဉ် နံနက် ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအထိ လက်ခံဆောင်ရွက်ပေးပါသည်။
- နိုင်ငံကူးလက်မှတ်အသစ်များ ပြန်ထုတ် ပေးခြင်းကို မွန်းလွဲ ၁၅၀၀ နာရီမှ ၁၇၀၀ နာရီအတွင်း လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

**သက်တမ်းတိုးပေးသည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများ**

1. **Passport for Job (PJ)**
2. **Passport for Dependent (PT)**
3. **Passport for Student (PE)**
4. **Passport for Religious (PR)**

**(၁) Passport for Job (PJ) သက်တမ်းတိုးရာတွင် လိုအပ်သည့်အချက်အလက်များ**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးပုံစံ(သံရုံးမှ အခမဲ့ထုတ်ပေးပါမည်)
- Work permit (ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သူများတင်ပြရန်)
- အလုပ်ရှင်/ ကုမ္ပဏီ ထောက်ခံစာ
- နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
- အိမ်ထောင်စုဇယား(မိတ္တူ)
- လက်ရှိကိုင်ဆောင်လျက်ရှိသည့် Passport (မိတ္တူ)
  ***ဗီဇာအဝင်အထွက်တုံးရှိသည့် စာမျက်နှာအထိသာ မိတ္တူဆွဲရန် (စာမျက်နှာအလွတ်များ မိတ္တူဆွဲရန် မလိုပါ။
- **ပတ်စ်ပို့လျှောက်ရန်အတွက် ဓါတ်ပုံများ ယူလာရန်မလိုအပ်ပါ (သံရုံးမှ အခမဲ့ ဓါတ်ပုံရိုက်ယူပါမည်)**

**(၂) Passport for Dependent (PT) သက်တမ်းတိုးရာတွင် လိုအပ်သည့် အချက်အလက်များ**

PT နိုင်ငံကူးလက်မှတ်အမျိုးအစားတွက် နိုင်ငံခြားသားနှင့်လက်ထပ်သည့် မြန်မာအမျိုးသမီးများ၊ မြန်မာနိုင်ငံသားအချင်းချင်းလက်ထပ်ထားသူများနှင့် မိဘအား မှီခိုသူများအစရှိသဖြင့် အမျိုးအစား(၃) မျိုးရှိပါသည်။

- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးပုံစံ(သံရုံးမှ အခမဲ့ထုတ်ပေးပါမည်)
- လက်ထပ်စာချုပ်(ထိုင်းဘာသာဖြစ်ပါက အင်္ဂလိပ်ဘာသာပြန်ဆို၍ နိုတြီပြုလုပ်လာရပါမည်)
- နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
- အိမ်ထောင်စုဇယား(မိတ္တူ)
- လက်ရှိကိုင်ဆောင်လျက်ရှိသည့် Passport (မိတ္တူ)/ ခင်ပွန်းသည်/ မိဘ၏ Passport မိတ္တူနှင့် Work permit မိတ္တူ)
  ***ဗီဇာအဝင်အထွက်တုံးရှိသည့် စာမျက်နှာအထိသာ မိတ္တူဆွဲရန် (စာမျက်နှာအလွတ်များ မိတ္တူဆွဲရန် မလိုပါ။
- **ပတ်စ်ပို့လျှောက်ရန်အတွက် ဓါတ်ပုံများ ယူလာရန်မလိုအပ်ပါ (သံရုံးမှ အခမဲ့ ဓါတ်ပုံရိုက်ယူပါမည်)**
- *** နိုင်ငံခြားသားနှင့်လက်ထပ်ထားသူ မြန်မာအမျိုးသမီးများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင်း ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းပြတ်စဲပါက အပြန်လေယာဉ် လက်မှတ်ဖိုးအတွက် ဘတ် ၄၅၀၀/- ကို အာမခံငွေအဖြစ် ထားရှိရန်။
- သက်ကြီးမှီခို ဖြစ်ပါက ဘဏ်တွင် ဘတ်(၈) သိန်းသွင်းထားသည့် Bank Statement မိတ္တူတင်ပြရန်။

**(၃) Passport for Student (PE) သက်တမ်းတိုးရာတွင် လိုအပ်သည့် အချက်အလက်များ**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးပုံစံ(သံရုံးမှ အခမဲ့ထုတ်ပေးပါမည်)
- ကျောင်းသားကတ်(မူရင်း/ မိတ္တူ)
- ကျောင်းထောက်ခံစာ

- နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
- အိမ်ထောင်စုဇယား(မိတ္တူ)
- လက်ရှိကိုင်ဆောင်လျက်ရှိသည့် Passport (မိတ္တူ)
  ***ဗီဇာအဝင်အထွက်တုံးရှိသည့် စာမျက်နှာအထိသာ မိတ္တူဆွဲရန် (စာမျက်နှာအလွတ်များ မိတ္တူဆွဲရန် မလိုပါ။
- **ပတ်စ်ပို့လျှောက်ရန်အတွက် ဓါတ်ပုံများ ယူလာရန်မလိုအပ်ပါ (သံရုံးမှ အခမဲ့ ဓါတ်ပုံရိုက်ယူပါမည်)**

**(၄) Passport for Religious (PR) သက်တမ်းတိုးရာတွင် လိုအပ်သည့် အချက်အလက်များ**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးပုံစံ(သံရုံးမှ အခမဲ့ထုတ်ပေးပါမည်)
- ထိုင်းနိုင်ငံတွင် သာသနာ့ကိစ္စများ ဆောင်ရွက်နေကြောင်း သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဘုန်းတော်ကြီးကျောင်းများမှ ထောက်ခံစာ(မူရင်း)
- သာသနာစိစစ်ရေးကတ်(မိတ္တူ)
- အိမ်ထောင်စုဇယား(မိတ္တူ)
- လက်ရှိကိုင်ဆောင်လျက်ရှိသည့် Passport (မိတ္တူ)
- ***ဗီဇာအဝင်အထွက်တုံးရှိသည့် စာမျက်နှာအထိသာ မိတ္တူဆွဲရန် (စာမျက်နှာအလွတ်များ မိတ္တူဆွဲရန် မလိုပါ။
- **ပတ်စ်ပို့လျှောက်ရန်အတွက် ဓါတ်ပုံများ ယူလာရန်မလိုအပ်ပါ (သံရုံးမှ အခမဲ့ ဓါတ်ပုံရိုက်ယူပါမည်)**

**(၅) မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များ(Certificate of Identity)**

ထိုင်းနိုင်ငံသို့ အလည်အပတ် လာရောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသူများ၊ ထိုင်းနိုင်ငံတွင် ကလေးမွေးဖွားပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူ လိုသူများအတွက် တစ်ကြိမ်တစ်ခါသုံး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်အား သံရုံးမှ ထုတ်ပေးပါသည်။

**အလည်အပတ်လာရောက်စဉ် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသူများတင်ပြရမည့် အချက်အလက်များ**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးပုံစံ(သံရုံးမှ အခမဲ့ထုတ်ပေးပါမည်)
- နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း ရဲစခန်းတိုင်ချက်/ ထောက်ခံစာ (ထိုင်းဘာသာအား အင်္ဂလိပ်ဘာသာ ပြန်ဆိုရပါမည်)
- လက်ရှိကိုင်ဆောင်လျက်ရှိသည့် ပျောက်ဆုံးသွားသည့် Passport (မိတ္တူ)
- နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)
- အပြန်လေယာဉ်လက်မှတ်
- **CI လျှောက်ရန်အတွက် ၁.၅x၂ လက္မ ကာလာဓါတ်ပုံ (၂) ပုံ ယူဆောင်လာရပါမည်**

**ထိုင်းနိုင်ငံအတွင်း ကလေးမွေးဖွားပြီး မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်လိုသူများ**

- ကိုယ်တိုင်ရေးလျှောက်လွှာ(မိဘမှလျှောက်ထားရန်)
- ကိုယ်ရေးပုံစံ(သံရုံးမှ အခမဲ့ထုတ်ပေးပါမည်)
- ကလေးမွေးစာရင်း(မိတ္တူ) **ထိုင်းဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန်
- မိဘများ၏ နိုင်ငံကူးလက်မှတ် မူရင်း/ မိတ္တူ
- မိဘများ၏ လက်ထပ်စာချုပ်(မိတ္တူ)
- မိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
- မိဘ(၂) ဦး/ တဦးဦးနှင့် အတူတကွပြန်ရမည်ဖြစ်ပါသည်
- CI လျှောက်ရန်အတွက် ဓါတ်ပုံများ ယူလာရန်မလိုအပ်ပါ (သံရုံးမှ အခမဲ့ ဓါတ်ပုံရိုက်ယူပါမည်)
- အပြန်လေယာဉ်လက်မှတ်
- ***** ကလေးအား သံရုံးသို့ ခေါ်ဆောင်လာရန် အဆင်ပြေမှုမရှိပါက ၁.၅x၂ လက္မ ကာလာဓါတ်ပုံ (၂) ပုံ ယူဆောင်လာရပါမည်**

**(၇) သာမန်နိုင်ငံကူးလက်မှတ် ပျောက်ဆုံး/ ပျက်စီး၍ အသစ်လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များ**

- ကိုယ်တိုင်ရေးလျှောက်လွှာ
- ကိုယ်ရေးပုံစံ(သံရုံးမှ အခမဲ့ထုတ်ပေးပါမည်)
- Work permit (ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သူများတင်ပြရန်)
- အလုပ်ရှင်/ ကုမ္ပဏီ ထောက်ခံစာ
- နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)
- အိမ်ထောင်စုဇယား(မိတ္တူ)
- နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း ရဲစခန်းတိုင်ချက်/ ထောက်ခံစာ (ထိုင်းဘာသာအား အင်္ဂလိပ်ဘာသာ ပြန်ဆိုရပါမည်)
- လက်ရှိကိုင်ဆောင်လျက်ရှိသည့် ပျောက်ဆုံးသွားသည့် Passport (မိတ္တူ)
- နိုင်ငံကူးလက်မှတ်ပျက်စီးပါက အဆိုပါ ပျက်စီးသွားသည့် နိုင်ငံကူးလက်မှတ်ကို တစ်ပါတည်း ယူဆောင်လာရန်

- **ပတ်စ်ပို့အသစ်လျှောက်ရန်အတွက် ဓါတ်ပုံများ ယူလာရန်မလိုအပ်ပါ (သံရုံးမှ အခမဲ့ ဓါတ်ပုံ ရိုက်ယူပါမည်)**

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
026
BANGKOK

မြန်မာသံရုံး၊ ဗန်ကောက်မြို့
ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ ဧပြီလ ၉ ရက်